# နှောင်းတွေ့မင်စာများမှ ဝါကျများလေ့လာချက်

**နီနီအေး***

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ရှေးဟောင်းမြန်မာစာပေနယ်ပယ်တွင် ပါဝင်သော နှောင်းတွေ့ ပုဂံခေတ် မြန်မာမင်စာများမှ ဝါကျများကို မြန်မာသဒ္ဒါ ရှုထောင့်မှလေ့လာ တင်ပြထားသည့် စာတမ်းဖြစ်ပါသည်။ ရည်ရွယ် ချက်မှာ ရှေးဟောင်းမြန်မာ စာပေ ဖြစ်သော မင်စာများ၏ သဒ္ဒါဖွဲ့စည်းပုံကို ဖော်ထုတ်တင်ပြလိုခြင်းဖြစ်ပါ သည်။ အလေ့လာခံ အဖြစ် နှောင်းတွေ့ ပုဂံခေတ်မင်စာ (၈)ခုကို သတ်မှတ်ပြီး မြန်မာသဒ္ဒါနည်းစနစ်များနှင့် ဝါကျများကို ဆန်းစစ်လေ့လာတင်ပြထားပါသည်။ ထိုသို့ လေ့လာတင်ပြရာတွင် အနက်အဓိပ္ပာယ်အရ ဝါကျအမျိုးအစားနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါကျရိုးနှင့် ဝါကျရောတို့ကို ခွဲခြမ်းစိတ်ဖြာ၍ လေ့လာတင်ပြထားပါသည်။ ဤသို့သုတေသနပြုခြင်းဖြင့် ရှေးခေတ်ပုဂံသားတို့၏ မြန်မာသဒ္ဒါ စတင်တီထွင်ခဲ့ပုံကို လေ့လာလိုသူများအတွက်လည်းကောင်း၊ ပုဂံခေတ်မြန်မာသဒ္ဒါစနစ်နှင့် မျက်မှောက်ခေတ် မြန်မာသဒ္ဒါစနစ်ကို နှိုင်းယှဉ်လေ့လာလိုသူများအတွက်လည်းကောင်း အထောက်အကူ ပြုနိုင်ပါ သည်။

**သော့ချက်ဝေါဟာရများ** – ထုတ်ဖော်ဝါကျ၊ ငြင်းပယ်ဝါကျ၊ ဆန္ဒဝါကျ၊ ဝါကျရိုး၊ ဝါကျရော။

## နိဒါန်း

နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု အဆင့်အတန်းကို ထိုတိုင်းပြည် ထိုနိုင်ငံ၏ စာပေယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်းကိုကြည့်၍ သိနိုင်ပါသည်။ ထို့ကြောင့် စာပေသည် နိုင်ငံတစ်နိုင်ငံ တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၏ အသက်သွေးခဲပမာ အရေးကြီးလှပါသည်။ ထိုစာပေတွင် ရှေးဟောင်းမူရင်း အရေးအသားများ ဖြစ်သည့် မင်စာများလည်းပါဝင်သည်။ ရှေးဟောင်းမင်စာများသည် ကျောက်စာများကဲ့သို့ အဦးဆုံး လေ့လာရမည့် မြန်မာရှေးဟောင်း ခေတ်ဦးစာများ ဖြစ်ကြသည်။ ပုဂံခေတ်မြန်မာကျောက်စာများကဲ့သို့ပင် ပုဂံခေတ်မင်စာများ သည်လည်း ပုဂံခေတ်၏ အုပ်ချုပ်ရေး၊ ဘာသာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ လူမှုရေးနှင့် ပုဂံခေတ် မြန်မာဘာသာ စကားတို့၏ အခြေအနေတို့ကို သိနိုင်ပါသည်။ စာပေလေ့လာရာတွင် သဒ္ဒါသည် အခြေခံကျသော အချက်တစ်ချက်ဖြစ်သောကြောင့် နှောင်းတွေ့ ပုဂံခေတ်မင်စာများကို မြန်မာ သဒ္ဒါနည်း ဖြင့် လေ့လာခဲ့ပါသည်။

ဤစာတမ်းတွင် နှောင်းတွေ့ပုဂံခေတ်မင်စာ (၈)ချပ်ကို (၂၀၀၅)ခု မြန်မာစာအဖွဲ့က ထုတ်ဝေသော မြန်မာသဒ္ဒါပေါင်းချုပ်ကိုအခြေခံ၍ လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။ အလေ့လာခံ နှောင်းတွေ့ ပုဂံခေတ် မြန်မာမင်စာများမှာ သက္ကရာဇ် ၅၃၉ခုနှစ်ထိုး ပုဂံမြို့ ဥယျာဉ်ကြီး ဘုရားရှိ မင်စာ၊ သက္ကရာဇ် ၆၅၀ခုနှစ်ထိုး ပုဂံမြို့ ဓမ္မရာဇကဘုရားရှိ မင်စာ၊ သက္ကရာဇ် ၅၅၈ ခုနှစ်ထိုး ပုဂံမြို့ ဓမ္မရာဇက ဘုရားရှိမင်စာ၊ သက္ကရာဇ် ၄၈၇ခုနှစ်ထိုး ပုဂံမြို့ကျဆင်း (ကြာဇင်း) ဘုရားရှိ မင်စာ၊ သက္ကရာဇ် ၅၈၂ခုနှစ်ထိုး ပုဂံမြို့ ရပ်စောက် ဘုရားရှိ မင်စာ၊ သက္ကရာဇ် ၅၉၈ ခုနှစ်ထိုး ပုဂံမြို့ ဇေယျသွတ်ဘုရားရှိ မင်စာ၊ သက္ကရာဇ် ၆၀၅ ခုနှစ် ထိုးပုဂံမြို့ သမ္ဗူလဘုရားရှိ မင်စာ၊ သက္ကရာဇ် ၆၁၈ ထိုး ပုဂံမြို့ တရုတ်ပြေးမင်းဘုရားရှိ မင်စာတို့ဖြစ်ပါသည်။ နှောင်းတွေ့ပုဂံခေတ် မြန်မာမင်စာ များကို

* ကထိက၊ ဒေါက်တာ၊ မြန်မာစာဌာန၊ ရတနာပုံတက္ကသိုလ်

မြန်မာသဒ္ဒါရှုထောင့်မှ လေ့လာဖော်ထုတ်မှတ်တမ်းတင်လိုသော ရည်ရွယ်ချက်ဖြင့် ဤစာတမ်း ကို ပြုစုပါသည်။ နှောင်းတွေ့ပုဂံခေတ် မင်စာများကို မြန်မာသဒ္ဒါနည်းဖြင့် လေ့လာရာတွင် စကားလုံးပိုင်း၊ ပုဒ်ပိုင်း၊ ဝါကျပိုင်းဟူ၍ (၃)ပိုင်းရှိရာ ဝါကျပိုင်းကို လေ့လာပါသည်။ ဝါကျပိုင်းတွင် မြန်မာသဒ္ဒါနည်းအရ အနက်အဓိပ္ပာယ်အရ ဝါကျအမျိုးအစားနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါကျများကိုခွဲ၍ လေ့လာ ပါသည်။ အနက်အဓိပ္ပာယ်အရ ဝါကျအမျိုးအစားများတွင် ထုတ်ဖော်ဝါကျ၊ အငြင်းဝါကျ၊ ဆန္ဒဝါကျတို့ကိုလည်းကောင်း ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါကျအမျိုးအစားတွင် ဝါကျရိုးနှင့် ဝါကျရောတို့ကိုလည်းကောင်း ခွဲခြားစိစစ် လေ့လာတင်ပြခဲ့ပါသည်။ ဤစာတမ်းသည် မြန်မာဘာသာ စကားကို စိတ်ဝင်စားသူ သုတေသနပညာရှင်များအတွက် အကျိုးကျေးဇူးရရှိမည်ဟု ယုံကြည် ပါသည်။

**၁။ မင်စာဟူသော ဝေါဟာရနှင့် သဘောသဘာဝ**

ရှေးခေတ်မှုရင်းအရေးအသားများတွင် မင်စာများလည်း ပါဝင်သည်။ မင်စာကို မြန်မာ အဘိဓာန်တွင်

> **မင်စာ/မှင်စာ၊ န-၁၊ မင်ဖြင့်ရေးသားထားသည့်စာများ၊ ၂၊ ဘုရား ပုထိုး နံရံစသဖြင့်တို့၌ ကြာရှည်ခံမင်ဖြင့် ရေးသားထားသည့်စာ** [၁]

ဟူ၍ ဖွင့်ဆိုထားပါသည်။ မြန်မာသဒ္ဒါကျမ်းတွင်

> **ရှေးဂူဘုရား၏ အတွင်းဘက် အုတ်နံရံများတွင် မင်ဖြင့် ရေးသား ထားသော စာများရှိသည်။ ဗုဒ္ဓဝင်၊ ဇာတ်နိပါတ်၊ ပန်းချီ သရုပ်ဖော်ပုံ များနှင့်ဆိုင်သည့် စာတန်းများ မူလ ကုသိုလ်ရှင်၏ ဆုတောင်းစာများ နောက်ထပ်ပြုပြင်မွမ်းမံသူတို့၏ ဖြည့်စွက်မှတ်တမ်းများနှင့် ထိုခေတ်က မွေးဖွားသူတို့၏ ဇာတာခွင်များစသည်ကို မင်ဖြင့် ရေးခဲ့ကြသဖြင့် ထိုစာတို့ကို မင်စာဟုခေါ်သည်။**[၂]

ဟူ၍ ဖော်ပြထားပါသည်။ ထို့ပြင် (မြန်စာမြေ)သန်းလွင်က မင်စာနှင့်ပတ်သက်၍

> **ပုဂံခေတ်တွင် အဆောက်အအုံနံရံတို့၌ မင်စာများကို ရေးလေ့ရှိသည် ကိုလည်း တွေ့ရပေသေးသည်။ ထိုသို့ မင်စာရေးသောအတတ်ကို ပုဂံခေတ်၌ ပန်းသေ့ဟု ခေါ်ခဲ့ဟန်ရှိသည်။ ပန်းသေ့ဆိုသောစကားကို ပုဂံကျောက်စာတို့တွင် မကြာခဏတွေ့ရသည်။ ထိုစကားမှာ နှောင် ခေတ်တို့တွင် ဆေးမင်ကြောင်ထိုးသည့် အတတ်ကို ခေါ်သည့် "မင်သေ့" ဟူသော စကားနှင့် ဆက်သွယ်လျက်ရှိပြီးလျှင် သံသကြိုဋ္ဌ ပါဠိဘာသာ "မင်" ဟာ "မဟိ-မယိ" ပုဒ်ပျက်ဖြစ်ကြောင်း မင်စာ၏ ရင်းမြစ်ကို ညွှန်ပြခဲ့ဖူးပါသည်။**[၃]

ဟူ၍လည်းကောင်း၊

> **မင်စာဟူသည် ရှေးဟောင်းဘုရား၊ အုတ်ကျောင်းများအတွင်းရှိ အင်္ဂတေနံရံများပေါ်တွင် သရုပ်ဖော်ရေးဆွဲထားသော ဗုဒ္ဓဝင်၊ ငါးရာ့ငါး**

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၂၇၅။

[၂] - ယင်း -၊ ၂၀၀၅၊ ၂။

[၃] သိန်းလွင်၊ ၂၀၁၈၊ ၂၈။

**ဆယ်ဇာတ်တော် စသောနံရံပန်းချီများကို အဓိပ္ပာယ်ဖော်ရေးသားချက်များ၊ ခေတ်အဆက်ဆက်က မှတ်တမ်းတင်ခဲ့သော အလှူမှတ်တမ်းများ၊ ဇာတာခွင်များ၊ ဆေးစာများ၊ ဂါထာမန္တန်များ၊ အထွေထွေသော မှတ်တမ်းများနှင့် ကဗျာလင်္ကာများကို ဆေးမင်ဖြင့်ရေးသားထားသော စာများကို ခေါ်ဆိုပါသည်။**[၁]

ဟူ၍လည်းကောင်း ဆိုခဲ့ပါသည်။ ထို့ကြောင့် မင်စာဆိုသည်မှာ မင်ဖြင့်ရေးသားထားသော စာတစ်မျိုးဖြစ်၍ ဘုရားပုထိုးနံရံ စသည်တို့၌ ကြာရှည်ခံ မင်နီ၊ မင်နက်၊ မင်ဖြူတို့ဖြင့် ရေးသား ထားသော စာဖြစ်ပါသည်။

ပုဂံခေတ်ကျောက်စာများကဲ့သို့ပင် မင်စာများသည်လည်း အလွန်ခိုင်လုံသော မူရင်းအရေးအသားများဖြစ်ကြသည်။ သက္ကရာဇ်အခိုင်အမာပါသော မင်စားများရှိသကဲ့သို သက္ကရာဇ်အခိုင်အမာ မပါသောမင်စာ များလည်းရှိကြသည်။ ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်တိုင်အောင် ခေတ် အဆက်ဆက် မင်စာများကို တွေ့ရပါသည်။ ရေးထိုးသည့် အကြောင်းအရာများမှာ ပုဂံမြို့လောကထိပ်မင်စာကဲ့သို့ ဇာတ်ကြီးဆယ်ဘွဲ့အပြင် (၅၅၀)ဇာတ်နိပါတ်တော်များ၊ ဗုဒ္ဓဝင်များ၊ အလှူမှတ်တမ်းများ၊ စေတီပုထိုးများကို ပြုပြင်မွမ်းမံသူတို့၏ ဖြည့်စွက်မှတ်တမ်း များ၊ ဂူဘုရားအနီးရှိ ရွာသူရွာသားများ၏ မွေးနေ့မှတ်တမ်းများ၊ ထင်ရှားသော ပုဂ္ဂိုလ်တို့၏ ဇာတာခွင်များ၊ မြို့သစ်၊ နန်းသစ်တည်နှစ်များကို ဖော်ပြသောဇာတာခွင်များ၊ ကုသိုလ်ဖြစ် လှူဒါန်းခဲ့သော ဆေးနည်းများ၊ တုတ်ပြီးခားပြီးအင်းများ၊ အစီအရင်းများ၊ ဂါထာမန္တရားများ သမိုင်း မှတ်တမ်းများကို ရေးထိုးခဲ့ကြသည်။ ဘာသာအနေဖြင့် မွန်ဘာသာ၊ ပါဠိဘာသာ၊ မြန်မာဘာသာ၊ ရှမ်းဘာသာ စသည့် ဘာသာများဖြင့်ရေးခဲ့ကြသည်။ မင်စာကို စကားပြေ မင်စာအပြင် ကဗျာမင်စာများပါတွေ့ရသည်။ အလေ့လာခံနှောင်းတွေ့ပုဂံခေတ် မြန်မာမင်စာများသည် အလှူမှတ်တမ်းတင် စကားပြေမင်စာများ ဖြစ်ပါသည်။

**၂။ နှောင်တွေ့မင်စာများမှ ပုဂံခေတ်မြန်မာမင်စာ (၈)ချပ်၏ ဝါကျများလေ့လာချက်**

**ဝါကျဆိုသည်မှာ ဆိုလိုသည့် အဓိပ္ပာယ်ရောက်အောင် စနစ်တကျ စီစဉ်ထားသော ပုဒ်အစုအပေါင်းကို ခေါ်ပါသည်။ မြန်မာဘာသာစကား တွင် ဝါကျကို အနက်အဓိပ္ပာယ်အရ ဝါကျ (၅)မျိုးနှင့် ဖွဲ့စည်း တည်ဆောက်ပုံအရ ဝါကျ (၂)မျိုးခွဲခြားနိုင်သည်။**[၂]

**၂.၁။ အနက်အဓိပ္ပာယ်အရ ဝါကျအမျိုးအစားများ**

အနက်အဓိပ္ပာယ်အရ ဝါကျအမျိုးအစားများမှာ

**(က) ထုတ်ဖော်ဝါကျ**

**(ခ) မေးခွန်းဝါကျ**

**(ဂ) ငြင်းပယ်ဝါကျ**

**(ဃ) တိုက်တွန်းဝါကျ**

**(င) ဆန္ဒဝါကျ**[၃]

---

[၁] - ယင်း -၊ ၃၀။

[၂] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၃၂။

[၃] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၉၀။

တို့ဖြစ်ကြသည်။

အလေ့လာခံနှောင်းတွေ့ ပုဂံခေတ်မင်စာ (၈) ချပ်တွင် အနက်အဓိပ္ပယ်အရ ဝါကျ (၅)မျိုးအနက် ထုတ်ဖော်ဝါကျ၊ ငြင်းပယ်ဝါကျ၊ ဆန္ဒဝါကျတို့ကို တွေ့ရပါသည်။

## ၂၊ ၁၊ ၁။ ထုတ်ဖော်ဝါကျ

> **ထုတ်ဖော်ဝါကျဟူသည် တစ်စုံတစ်ရာပြုခြင်း၊ ဖြစ်ခြင်း၊ရှိခြင်းကို ပြသော ဝါကျကို ခေါ်ပါသည်။**[၁]

အလေ့လာခံနှောင်းတွေ့ ပုဂံခေတ် မင်စာ (၈)ချပ်တွင် ထုတ်ဖော်ဝါကျများကို အသုံးပြုထား ကြောင်း လေ့လာတွေ့ရှိရပါသည်။

သာဓက။ ။

**သကရစ် ၅၆ဝ ပတ်သနစ် သန္တျလ္ဆုတ် ၂ရက် ၆နေ့ ဓမ္မရာဇက ပုထိုဝ် တော်ကိုဝ် လွှတ်မုရှေယ် မင်ကြီစေသူ ရိယ်စဥ်တော်သွန်၏။**

က-၁-၂၊ ပုဂံမြို့ဓမ္မရာဇက ဘုရားရှိ မင်စာ

**သကရာဇ်၄၈ရခု၊ ဩဝဏ္ဏသံဝစ္ဆိုရ်နှစ်၊ ကုဆုန်လပိတယ်နိယ်။ ကြိတိကါနံက္ခတ်လျှင် ဗာရစီမညောဥ္ပါပုဟာဒါယျကါ သိယ်၏။**

ပုဂံမြို့ကျဆင်း (ကြာဇင်း) ဘုရားရှိမင်စာ

အထက်ပါ သာဓကများတွင် ပထမသာဓကဲ၌ အလှူပြုခြင်း၊ ရေစက်သွန်းချခြင်းကိုဖော်ပြသည့် ကြိယာများသည် ပြုခြင်းပြကြိယာများဖြစ်သည်ကို တွေ့ရပါသည်။ ဒုတိယသာဓကတွင် "သေ၏" ဟူသော ဖြစ်ခြင်းပြ ကြိယာကို တွေ့ရပါသည်။ ကျောက်စာများကဲ့သို့ မင်စာများတွင်လည်း ကြိယာ၏ ဖြစ်ခြင်းပြုခြင်းကို ပြသည့် ထုတ်ဖော်ဝါကျများကိုတွေ့ရပါသည်။

## ၂၊ ၁၊ ၂။ ငြင်းပယ်ဝါကျ

> **မြန်မာသဒ္ဒါအရ ငြင်းပယ်ဝါကျဆိုသည်မှာ တစ်စုံတစ်ရာမပြုခြင်း၊ မဖြစ်ခြင်း၊ မရှိခြင်းကို ပြသော ဝါကျကို ငြင်းပယ်ဝါကျဟု ခေါ်ပါ သည်။**[၂]

အလေ့လာခံနှောင်းတွေ့ ပုဂံခေတ် မြန်မာမင်စာ(၈)ချပ်တွင် ငြင်းပယ်ဝါကျများကို တွေ့ရ ပါသည်။

သာဓက။ ။

**ဖုန်မကြီအသက်မရှေယ်ဇေကုန်သတည်။**

က-၁၁-၁၂။ ပုဂံမြို့ဥယျာဥ်ကြီးဘုရားရှိမင်စာ

**အဖြစ်ဖြစ်လှ်၊ ဖြာယှင် ကိုဝ် မဖူရသ်ဖြစ်စေ။**

က-၉။ ပုဂံမြို့မဟာဗောဓိဘုရားရှိမင်စာ

**ငကောင်းမှုကိုဝ် ဖျက်ဆီသသူကာ ညောင်ဦးကံပါစသော သီရိပစ္စရာတိုင်သြင်မ္လိယ်ပုံလုံမျှ ကြုံမကသော ပုရှာအဖ္လစ်ဖ္လစ် လျှင်မဖူစိယ်သတော။**

က-၇-၈။ ပုဂံမြို့တရုတ်ပြေးမင်း ဘုရားရှိမင်စာ

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၁၄၆။

[၂] -ယင်း-၊ ၁၉၆။

အထက်ပါသာဓကများတွင် ငြင်းပယ်ဝါကျများကို ကျိန်ဆိုရေးထိုးရာတွင်အသုံးများသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ပုဂံခေတ်တွင် ငြင်းပယ်ဝါကျများကို အသုံးပြု၍ မင်စာများ၌ ကျိန်စာရေးထိုးလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**၂၊ ၁၊ ၃။ ဆန္ဒဝါကျ**

**ဆန္ဒဝါကျဟူသည် ဆုတောင်းခြင်း၊ ကျိန်ဆဲခြင်း၊ ကျိန်ဆိုခြင်းတို့ကို ပြသော ဝါကျကို ဆန္ဒဝါကျ ဟုခေါ်သည်။**[၁] အလေ့လာခံ နှောင်းတွေ့ပုဂံခေတ် မြန်မာမင်စာများတွင် ဆန္ဒဝါကျများကို တွေ့ရ ပါသည်။

သာဓက။ ။

**လုပ်ဇလေရာရာလေည်ရေသိုဝ်ခန်ဇေသတည်။**

က-၁၂။ ပုဂံမြို့ ဥယျာဉ်ကြီးဘုရားမင်စာ

**ဤသိုဝ်သာ သံပိုင်တော်ကို မလွန်သော မင်၊ မိဖုရား၊ မင်းသား၊ မတ်ရာလူတကာတိုဝ်ကား လုလက်ထက်လှ် ဘုန်းကြီးစွာ၊ အနာမဲ့ွာ စွာ၊ စီမ္ဗာချမ်းသာ ကြွဝစွာ ဖြစ်စေသတည်၊**

က-၁၀-၁၁။ ပုဂံမြို့မဟာဗောဓိဘုရားရှိမင်စာ

အလေ့လာခံ နှောင်းတွေ့ပုဂံခေတ်မင်စာများတွင် ဆန္ဒဝါကျများကို ကျိန်စာရေးထိုးရာ၌ လည်းကောင်း၊ ဆုတောင်းရာ၌လည်းကောင်း အသုံးပြုထားသည်ကို တွေ့ရပါသည်။

**၂၊ ၂။ ဖွဲ့စည်းတည်ဆောက်ပုံအရဝါကျအမျိုးအစားများ**

မြန်မာဘာသာစကားတွင် ဖွဲ့စည်းတည်ဆောက်ပုံအရဝါကျများကို အမျိုးအစားခွဲလျှင် (၂)မျိုးရ သည်။ ၎င်းတို့မှာ

(က) **ဝါကျရိုး**

(ခ) **ဝါကျရော** တို့ဖြစ်ကြသည်။[၂]

**၂၊ ၂၊ ၁။ ဝါကျရိုး**

**ဝါကျရိုးဆိုသည်မှာ ကတ္တားပုဒ်နှင့် ကြိယာပုဒ်ဟူ၍ အခြေခံပုဒ်ပါဝင်သော ဝါကျကို ခေါ်ပါသည်။**[၃] ထိုအခြေခံပုဒ်တို့ကြား၌ကာ၊ အချိန်ပြပုဒ်စသည့်အခြားသော ပုဒ်တို့ကိုထည့်သွင်း၍ လည်းကောင်း၊ အခြေခံပုဒ်နှစ်ခုမှ ကတ္တားသို့မဟုတ် ကြိယာကို မြှုပ်၍လည်းကောင်း၊ ဝိဘတ် များကို မြှုပ်၍ လည်းကောင်း၊ ဝါကျရိုးများကို နည်းအမျိုးမျိုးဖြင့် ဖွဲ့နိုင်ပါသည်။ အလေ့လာခံ နှောင်းတွေ့ မင်စာများကို လေ့လာကြည့်လျှင်

(၁) ကတ္တားနှင့် ကြိယာ ပါသော ဝါကျရိုးဖွဲ့နည်း

(၂) ကတ္တာပုဒ်၊ အခြားပုဒ်အမျိုးမျိုးနှင့် ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုးဖွဲ့နည်း

(၃) ကတ္တားမြှုပ်၍ ဝါကျရိုးဖွဲ့နည်း

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၃၉၂။

[၂] -ယင်း- ၃၉၂။

[၃] -ယင်း-။

ဟူသည့် နှောင်းတွေ့မင်စာများတွင် ဝါကျရိုးဖွဲ့နည်းများသည် ယနေ့ခေတ်ထိတိုင် မပြောင်းလဲ သုံးစွဲခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၂.၂.၁.၁။ ကတ္တားနှင့် ကြိယာပုဒ်တို့ပါသော ဝါကျရိုးဖွဲ့နည်း**

နှောင်းတွေ့ ပုဂံခေတ် မြန်မာမင်စာများတွင် ကတ္တားပုဒ်နှင့် ကြိယာပုဒ်ဟူ၍ အခြေခံပုဒ်များ ဖြင့် ဖွဲ့စည်းထားသော ဝါကျရိုးများကို တွေ့ရပါသည်။

သာဓက။ ။

__ဇေယျသွဝ်ကာ__ __အသက်လေကြီ__**၏။** က-၂၃။ ပုဂံမြို့ ဇေယျသွတ်ဘုရားရှိ မင်စာ

ကတ္တားပုဒ် ကြိယာပုဒ်

**__မင်ကြီလေ__ __နိဗ္ဗာန်ရ__ __စိယ်ချင်__၏ က-** ၂၆။ ပုဂံမြို့ဇေယျသွတ်ဘုရားရှိမင်စာ

ကတ္တားပုဒ် ကံပုဒ် ကြိယာပုဒ်

အလေ့လာခံနှောင်းတွေ့ပုဂံခေတ် မြန်မာမင်စာများတွင် ကတ္တားပုဒ်နှင့် ကြိယာပုဒ်တို့ပါသော ဝါကျရိုးများကိုအသုံးပြုနေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**၂.၂.၁၊ ၂။ ကတ္တားပုဒ်၊ အခြားပုဒ်အမျိုးမျိုးနှင့် ကြိယာပုဒ်တို့ပါသော ဝါကျရိုးဖွဲ့နည်း**

နှောင်းတွေ့ပုဂံခေတ်မင်စာများတွင် ကတ္တားပုဒ်၊ အခြားပုဒ်အမျိုးမျိုးနှင့် ကြိယာပုဒ်တို့ပါသော ဝါကျရိုးများကိုလည်း တွေ့ရပါသည်။

သာဓက။ ။ __သကရာစ် ၅၇၉ခု စေယျသံသစ္စိုရ်နှစ်။ တဝ်သွင်လဆုတ် ၁၃(ေ)ရျက်ကြ သျှပတိယ်နိယ်။ မာဃနက္ခတ် ၁ ပဟိုရ်။ ၁နာဍီ။ တူလဂ္ဂါနာအာ__

အချိန်ပြပုဒ်

__သင်ဘြဴအိုလ်__ __ဉာ်ယ်ဗ(ရှ)စီကူ(ကိုဝ်)__ __ထာပနာမူအော်။__

ကတ္တားပုဒ် ကံပုဒ် ကြိယာပုဒ်

ပုဂံမြို့ကျဆင်း (ကြာဇင်း) ဘုရားရှိမင်စာ

__သကရစ် ၅၇၃ခု အာသိတ်နှစ် တ်သလင်လ္ဆန် ၁၀ရျက် ကြပတိယ်နိယ်အာ__

အချိန်ပြပုဒ်

__ဉစ္စာနာမင်__ __ရှယ်တောင်တက်__**၏**

ကတ္တားပုဒ် ကြိယာပုဒ်

က-၁၈-၁၉။ ပုဂံမြို့ဇေယျသွတ်ဘုရားရှိမင်စာ

အလေ့လာခံနှောင်းတွေ့ ပုဂံခေတ်မင်စာများတွင် ကတ္တားပုဒ်၊ အခြားပုဒ်အမျိုးမျိုးနှင့် ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုးဖွဲ့ပုံ အလွန်နည်းသည်ကို တွေ့ရပါသည်။

**၂.၂.၁.၃။ ကတ္တားမြုပ်၍ ဝါကျ**

နှောင်းတွေ့ပုဂံခေတ် မြန်မာမင်စာများတွင် ကတ္တားမြုပ်၍ ဖွဲ့သော ဝါကျရိုးများကို တွေ့ရပါသည်။

သာဓက။ ။

**__သံပုတ်အထောင်လေ__ __တင်ခဖူ__၉။**

ကံပုဒ် ကြိယာပုဒ် က-၁၈- ၁၉။ ပုဂံမြို့ ရပ်စောက်ဘုရားရှိ မင်စာ

**__ရှယ်တောင်__ __တက်ပြီ__**

ကံပုဒ် ကြိယာပုဒ်

က- ၁၉။ ပုဂံမြို့ဇေယျသွတ်ဘုရားရှိမင်စာ

<u>လုချုံသာ၊ နတ်ချုံသာ၊ နိဗ္ဗာန်ချုံသံ၊ ဤသို့သော ချုံသာ သုမ်ပါကိုဝ်</u>  <u>ရစေသတို</u>
ကံပုဒ်                                                     ကြိယာပုဒ်
ကဲ-၁၂၊ ၁၃။ ပုဂံမြို့မဟာဗောဓိဘုရားရှိမင်စာ။
အလေ့လာခံနှောင်းတွေ့ပုဂံခေတ်မင်စာများတွင် ကတ္တားမြုပ်၍ ဝါကျရိုးဖွဲ့ကို အနည်းငယ်တွေ့ရ ပါသည်။

## ၂၂၂။ ဝါကျရော

**ဝါကျရောဆိုသည်မှာ ဝါကျရိုး(၂) ခု သို့မဟုတ် (၂)ခု ထက်ပိုသော ဝါကျရိုးများကို ဝါကျတစ်ခုတည်းဖြစ်စေရန် ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓတစ်ခုခုဖြင့် ဆက်၍ ရေးသော ဝါကျကို ခေါ်ပါသည်။**[၁]
ဝါကျရောတွင် ဝါကျကဏ္ဍ (၂)ခု သို့မဟုတ် (၂)ခုထက်ပို၍ ပါတတ်သည်။ ဝါကျကဏ္ဍဟူသည် ဝါကျရော၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့်အပြင် ကတ္တားနှင့်ကြိယာပါရှိသော ပုဒ်အရအစုအပေါင်းကို ဝါကျကဏ္ဍဟု ခေါ်ပါသည်။ ဝါကျကဏ္ဍ (၂)မျိုးရှိသည်။ ၎င်းတို့မှာ-

(၁) အမှီဝါကျကဏ္ဍ

(၂) အမှီခံဝါကျကဏ္ဍာ

တို့ဖြစ်ကြသည်။

**(၁) အမှီဝါကျကဏ္ဍ**

**ဝါကျရောတွင် ကတ္တားနှင့် ကြိယာပါရှိသော်လည်း သီးခြားမရပ်တည်နိုင်သော၊ အဓိပ္ပာယ်မပြည့်စုံ သေးသော ပုဒ်အစုအပေါင်းကို အမှီဝါကျ ကဏ္ဍဟုခေါ်သည်။**[၂]

**(၂) အမှီခံဝါကျကဏ္ဍ**

**ဝါကျရောတွင် ကတ္တားနှင့် ကြိယာပါရှိပြီးသီးခြား ရပ်တည်နိုင်သော၊ အဓိပ္ပာယ်ပြည့်စုံသော ပုဒ်အစုအပေါင်းကို အမှီခံဝါကျကဏ္ဍဟုခေါ်သည်။**[၃]
မြန်မာသဒ္ဒါနည်းအရ ဝါကျရောဖွဲ့ပုံ(၅)မျိုးရှိသည်။ ၎င်းတို့မှာ-

(၁) အမှီဝါကျကဏ္ဍ (၁)ခုပါသော ဝါကျရောဖွဲ့စည်းပုံ

(၂) အမှီဝါကျကဏ္ဍ (၁)ခုထက်ပိုသော ဝါကျရောဖွဲ့စည်းပုံ

(၃) နာမ်ဝါကျကဏ္ဍပါသော ဝါကျရောဖွဲ့စည်းပုံ

(၄) နာမဝိသေသနဝါကျကဏ္ဍပါသော ဝါကျရောဖွဲ့စည်းပုံ

(၅) ကြိယာဝိသေသနဝါကျကဏ္ဍ ပါသောဝါကျရောဖွဲ့စည်းပုံတို့ဖြစ်ကြသည်။

### ၂၂၂၁။ အမှီဝါကျကဏ္ဍ (၁)ခုပါသော ဝါကျရောဖွဲ့စည်းပုံ

အမှီခံဝါကျကဏ္ဍနှင့် အမှီဝါကျကဏ္ဍတစ်ခုပါသော ဝါကျရောဖွဲ့စည်းပုံကို အလေ့လာခံနှောင်းတွေ့ မင်စာများတွင် တွေ့ရပါသည်။

သာဓက။ ။

၁။ <u>ကျွောင်ကြီ</u>                <u>နိုယ်သော</u>                      - အမှီဝါကျကဏ္ဍ
နေရာပြပုဒ်                ကြိယာပုဒ်

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၄၀၀။

[၂] -ယင်း- ။

[၃] -ယင်း- ။

<u>သို့ခ်ိုင်အထပတိယ်က</u> <u>ထန်ဆယ်ပင်</u> <u>စာစိယ်သောတော။</u> – အမှီခံဝါကျကဏ္ဍ
ကတ္တားပုဒ် ကံပုဒ် ကြိယာပုဒ်

က–၅–၆။ ပုဂံမြို့ရပ်စောက်ဘုရားရှိမင်စာ

၂။ <u>ဤယ်မျှသော</u> <u>ငါဥစ္စာခပ်သိမ်သကာ</u> <u>ငါမိယာနှင့်</u>
ကတ္တားပုဒ် ယှဉ်တွဲပြပုဒ်

<u>ငါ</u> <u>ပ္လူသော</u> – အမှီဝါကျကဏ္ဍ
ကတ္တားပုဒ် ကြိယာပုဒ်

<u>ဤယ်တ်ကွ္လောင်ပုရှာတြားသဃ်ာ—၃ပါလျှင်</u> <u>စွန်ခသတော။</u> – အမှီခံဝါကျကဏ္ဍ
ကံပုဒ် ကြိယာပုဒ်

က–၁၆။ ပုဂံဇေယျသွတ်ဘုရားရှိမင်စာ

အလေ့လာခံပုဂံခေတ်မြန်မာမင်စာများတွင် အမှီဝါကျကဏ္ဍတစ်ခုပါသော ဝါကျရောများစွာကို တွေ့ရပါသည်။ ထိုဝါကျရောများကို အလှူပြုခြင်းအကြောင်းအရာရေးထိုးရာတွင် သုံးထားသည်ကို တွေ့ရပါသည်။ ဝါကျဖွဲ့စည်းရာတွင် ဝါကျဆက်သမ္ဗန္ဓအဖြစ် ''သော၊ သကာ '' စသည်တို့ကို သဒ္ဒါနည်းမှန်ကန်စွာ နေရာတကျ သုံးထားပါသည်။

### ၂.၂.၂.၂။ အမှီဝါကျကဏ္ဍ (၁)ခုထက်ပိုသော ဝါကျရောဖွဲ့စည်းပုံ

ပုဂံခေတ်နှောင်းတွေ့ မြန်မာမင်စာ(၈)ချပ်တွင် အမှီဝါကျကဏ္ဍ(၁)ခုထက်ပိုသော ဝါကျရောများကို တွေ့ရပါသည်။ ထိုဝါကျရောများသည် အမှီခံဝါကျကဏ္ဍတစ်ခု အခြေခံပါဝင်ပြီး အမှီဝါကျကဏ္ဍတို့ကို ချဲ့ထွင်၍ ဖွဲ့ထားသော ဝါကျများဖြစ်ကြသည်။
သာဓက။ ။
<u>သကရစ်၆၄၄ခု ကြတိုက်နှစ် သန္တျုလ(ဆန်)၅ရျက် ၃နိယ်အာ</u>
အချိန်ပြပုဒ်
<u>မ္ဂစ်ကိုင်သာမ္ဂတ်စွာသျင်မဟာခေည်</u> <u>သမ္ဗူလကျွောင်နိုက်</u>
ကတ္တားပုဒ် နေရာပြပုဒ်
<u>နိုယ်</u> <u>သော</u> – အမှီဝါကျကဏ္ဍ (၁)
ကြိယာပုဒ် သမ္ဗန္ဓ
<u>ရှုယ်ဖုရာငယ်နှစ်ဆူ</u> <u>ပ္လူ</u> <u>ရှယ်</u> – အမှီဝါကျကဏ္ဍ (၂)
ကံပုဒ် ကြိယာပုဒ် သမ္ဗန္ဓ
<u>လှူခယ်</u> <u>သော</u> – အမှီဝါကျကဏ္ဍ (၃)
ကြိယာပုဒ် သမ္ဗန္ဓ
<u>မ္ဂစ်ကိုင်အရပ်၌</u> <u>ရွာမ္ဂစ်သြက်ကြတွ– ၂ပယ်</u>
နေရာပြပုဒ် ကံပုဒ်
<u>ရွာတောင်ပြည့်ခွင်ညောင်ပင်နိုက်</u> <u>၁ပယ် အပေါင်လယ်၃ပယ်</u>
နေရာပြပုဒ် ကံပုဒ်
<u>လှူ၏</u> – အမှီခံဝါကျကဏ္ဍ
ကြိယာပုဒ်

က–၁၉–၂၅။ ပုဂံမြို့ သမ္ဗူလဘုရားရှိမင်စာ

ထို့ကြောင့်ပုဂံခေတ်ကပင် ဝါကျရောဖွဲ့စည်းရာ၌ တစ်ခုထက်ပိုသော အမှီဝါကျကဏ္ဍများကို သုံး၍ ဝါကျရောဖွဲ့ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

**၂၂၂၃။ နာမဝိသေသနဝါကျကဏ္ဍပါသော ဝါကျရောဖွဲ့စည်းပုံ**

နာမဝိသေသနဝါကျကဏ္ဍဆိုသည်မှာ ကတ္တားနှင့်ကြိယာပါရှိပြီး နာမဝိသေသနသဘော သက်ရောက်သော အမှီဝါကျကဏ္ဍကို ခေါ်ပါသည်။ နာမဝိသေသနဝါကျကဏ္ဍအဆုံး၌ " သော" ဟူသော ပုဒ်ပြောင်းပစ္စည်းကို မင်စာများ၌ သမ္ဗန္ဓသဘောဖြင့်သုံးကာ နာမဝိသေသန ဝါကျကဏ္ဍပါသော ဝါကျရောဖွဲ့ထားပုံများကို အလေ့လာခံ ပုဂံခေတ်မင်စားများတွင် တွေ့ရ ပါသည်။

သာဓက။ ။

<u>ဤဖတ္တကပ်ကမ္မာထက်</u> <u>ဖွစ်</u> <u>သော</u> – အမှီဝါကျကဏ္ဍ (၁)

နေရာပြပုဒ် ကြိယာပုဒ် သမ္ဗန္ဓ (နာမဝိသေသနဝါကျကဏ္ဍ)

<u>ဘုရာ၅ယောက်ကိုဝ်</u> <u>ဝ်လှုတော်မူ</u> <u>သော</u> – အမှီဝါကျကဏ္ဍ (၂)

ကံပုဒ် ကြိယာပုဒ် သမ္ဗန္ဓ (နာမဝိသေသနဝါကျကဏ္ဍ)

<u>မွေယ်အခြာကာ</u> <u>အရှေ့မှကာ ထမင်ကောက်ရှက်ဆိုင်</u>

ကတ္တားပုဒ် နေရာပြပုဒ်

<u>အရှေ့ချောင်၊ တောင်မှကာသမတီရွာတောက်ကုန်၊</u>

နေရာပြပုဒ်

<u>အနောက်မှကာသက်ရေတွင်သိမ်——ကာ</u>

နေရာပြပုဒ်

<u>ဓမ္မရာဇကဘုရာအလိုဝ်</u> <u>ရစေသတေည်</u> – အမှီခံဝါကျကဏ္ဍ

ပိုင်ဆိုင်ခြင်းပြပုဒ် ကြိယာပုဒ်

က–၂–၅။ ပုဂံမြို့ ဓမ္မရာဇကဘုရားမင်စာ

ထို့ကြောင့် နာမဝိသေသနဝါကျကဏ္ဍပါသော ဝါကျရောဖွဲ့စည်းပုံသည် ပုဂံခေတ်မှာပင် သဒ္ဒါနည်း မှန်ကန်စွာ အများဆုံးအသုံးပြုနေပြီ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ခြုံငုံသုံးသပ်ချက်

နှောင်းတွေ့ ပုဂံခေတ်မြန်မာမင်စာများကို လေ့လာကြည့်လျှင် သက္ကရာဇ် ၄၈၇ခုမှ ၆၁၈ခုထိ အလှူမှတ်တမ်းတင် မင်စာများကို တွေ့ရပါသည်။ အလှူရှင်တို့မှာ မင်းနှင့်သာမန်အရပ်သားများ ဖြစ်ပြီး အလှူပစ္စည်းများမှာလည်း သက်ရှိသက်မဲ့ပစ္စည်းများကို လှူဒါန်းကြောင်း တွေ့ရပါသည်။ နှောင်းတွေ့ ပုဂံခေတ် မြန်မာမင်စာများကို ခေတ်သစ်မြန်မာသဒ္ဒါနည်းဖြင့် လေ့လာတင်ပြရာတွင် ဝါကျပိုင်း၌ အနက်အဓိပ္ပာယ်အရ ဝါကျအမျိုးအစားများတွင် ထုတ်ဖော်ဝါကျ၊ ငြင်းပယ်ဝါကျ၊ ဆန္ဒဝါကျတို့ကိုတွေ့ရပြီး မေးခွန်းဝါကျ၊ တိုက်တွန်းဝါကျတို့ကို မတွေ့ရပါ။ အလှူပြုခြင်းကို ဖော်ပြသည့်အခါ ထုတ်ဖော်ဝါကျ များကိုသုံးပြီး ကျိန်စာရေးထိုးရာတွင် ငြင်းပယ်ဝါကျများကိုသုံး၍ ဆုတောင်းနှင့် ကျိန်စာရေးထိုးရာတွင် ဆန္ဒဝါကျများကို အများဆုံးအသုံးပြုခဲ့ကြသည်။

ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါကျအမျိုးအစားတွင် ဝါကျရိုးနှင့် ဝါကျရောကို တွေ့ရ ပါသည်။ ဝါကျရိုးတွင် ကတ္တားနှင့်ကြိယာပုဒ်တို့ပါသော ဝါကျရိုးဖွဲ့နည်း၊ ကတ္တားပုဒ်၊ အခြားပုဒ်အမျိုးမျိုးနှင့် ကြိယာပုဒ်တို့ပါသော ဝါကျရိုး ဖွဲ့နည်း၊ ကတ္တားမြုပ်၍ဝါကျရိုးဖွဲ့နည်း၊ တို့ကို တွေ့ရပါသည်။ အလေ့လာခံ

မင်စာများတွင် ဝါကျရိုးအဖွဲ့နည်းပါသည်။ အလှူပြုရာ အလှူပစ္စည်းများရေးထိုးရာတွင် ရှင်းလင်းသိသာစေရန် ဝါကျရိုးများကို အသုံးပြုရေးထိုးခဲ့သည်ဟု ယူဆရပါသည်။

ဝါကျရောတွင် အမှီဝါကျကဏ္ဍ(၁)ခုပါသော ဝါကျရော၊ အမှီဝါကျကဏ္ဍ(၁)ခုထက် ပိုသောဝါကျရော နာမဝိသေသနဝါကျကဏ္ဍဟူ၍ တွေ့ရပါသည်။ နာမဝိသေသန ဝါကျကဏ္ဍကိုသာတွေ့ရပြီး နာမ်ဝါကျကဏ္ဍ၊ ကြိယာဝိသေသနဝါကျကဏ္ဍတို့ကို မတွေ့ရပေ။ အလေ့လာခံမင်စာများရှိ ဝါကျဖွဲ့ပုံတို့သည် မြန်မာသဒ္ဒါနည်းစနစ်များနှင့် အများဆုံးကိုက်ညီကြောင်း တွေ့ရပါသည်။ ယခုခေတ် စကားအသုံးအနှုန်းပြောင်းလဲသော်လည်း မြန်မာသဒ္ဒါ၏ နည်းစနစ်သည် တည်တံ့သည်ကိုတွေ့ရပါသည်။ ထို့ကြောင့် ရှေးပုဂံခေတ် မြန်မာကျောက်စာ မင်စာတို့မှ စတင်အခြေတည်ပေါက်ဖွားလာခဲ့သော မြန်မာစာပေသည် ခေတ်အဆက်ဆက် တိုးတက်ခဲ့ပြီး ကိုယ်ပိုင်သဒ္ဒါနည်းစနစ်များဖြင့် ခြေခြေမြစ်မြစ် ခိုင်ခိုင်မာမာရပ်တည်လျက်ရှိကြောင်း တွေ့ရပါသည်။

## နိဂုံး

ဤစာတမ်းသည် ပုဂံခေတ်မင်စာ(၈)ချပ်ကို မြန်မာသဒ္ဒါနည်းဖြင့် ဝါကျပိုင်းမှ လေ့လာတင်ပြခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ လေ့လာတင်ပြရာတွင် အလေ့လာခံမင်စာများမှ တွေ့ရှိချက်များကို ခွဲခြမ်းဖော်ထုတ်စိစစ်လေ့လာခဲ့ပါသည်။ ထို့ကြောင့် ရှေးမြန်မာ ပုဂံခေတ်သူ ခေတ်သားတို့၏ မြန်မာသဒ္ဒါပေါ်ပေါက်ရေးအတွက် စတင်တီထွင် အားထုတ်ကြိုးစား လုံ့လပြုခဲ့ပုံကို တွေ့ရှိရပါသည်။ ရှေးခေတ်ပုဂံသားတို့၏ မြန်မာသဒ္ဒါ စတင်တီထွင်ခဲ့ပုံကို လေ့လာလိုသူများ ပုဂံခေတ် မြန်မာသဒ္ဒါစနစ်နှင့် မျက်မှောက်ခေတ်မြန်မာသဒ္ဒါစနစ်ကို နှိုင်းယှဉ်လေ့လာလိုသူများ အတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။

## ကျမ်းကိုးစာရင်း


မဟာဝိဇ္ဇာမင်စာရွေးချယ်ချက်။ (ခုနှစ်မပါ)။ မန္တလေးတက္ကသိုလ်၊ မြန်မာစာဌာန။

မြန်မာစာအဖွဲ့။ (၂၀၀၅)။ ***မြန်မာသဒ္ဒါ။*** ရန်ကုန်၊ တက္ကသိုလ်များ ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်။*** ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

သန်းလွင်၊ မြန်စာမြေ။ (၂၀၁၈)။ *ပုဂံဒေသရှိ ရှေးဟောင်းမြန်မာ မင်စာကဗျာများ။* ရန်ကုန်၊ လပြည့်လင်းပုံနှိပ်တိုက်။